# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# (တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်)
# အမိန့်ကြော်ငြာစာအမှတ် ၃/၉၆
# ရန်ကုန်မြို့၊ ၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်
# (၁၉၉၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းဆေးဝါး ဥပဒေ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ တိုင်းရင်း ဆေးဝါးမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း**

၁။ တိုင်းရင်းဆေးဝါးကို ထုတ်လုပ်သူသည် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်း မပြုမီ တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မအရ တိုင်းရင်းဆေးဝါးကို မှတ်ပုံတင် ပေးရန် သက်ဆိုင်ရာမြို့နယ် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

၂။ မှတ်ပုံတင်လျှောက်ထားသူသည်-

(က) မြန်မာနိုင်ငံအတွင်းနေထိုင်သူဖြစ်ရမည်။

(ခ) ထုတ်လုပ်သူကိုယ်တိုင်လျှောက်ထားရမည်။

၃။ မှတ်ပုံတင်လျှောက်ထားသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ပြည့်စုံစွာ ဖြည့်စွက်၍ အောက် ပါတို့နှင့်အတူ ပူးတွဲတင်ပြရမည်-

(က) သက်ဆိုင်ရာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရာတွင် ဆောက်ရွက်ရသော လုပ်ငန်းအဆင့်ဆင့် နှင့် စပ်လျဉ်းသည့် ဖော်ပြချက်အပြည့်အစုံ၊

(ခ) သက်ဆိုင်ရာ တိုင်းရင်းဆေးဝါးအကြောင်း ပြည့်စုံစွာဖော်ပြထားသည့် စာရွက်စာတမ်း၊

(ဂ) တိုင်းရင်းဆေးဝါးနမူနာ၊

၄။ မှတ်ပုံတင်လျှောက်ထားသူသည် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက မှတ်ပုံတင်ခြင်း နှင့် စပ်လျဉ်း၍ အခါအားလျော်စွာ ထုတ်ပြန်သော စည်းကမ်းချက်များကို လိုက်နာရမည်။

၅။ မှတ်ပုံတင်လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားသည့် တိုင်းရင်းဆေးဝါး တစ်မျိုးစီ အတွက် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေး ကော်မတီကသတ်မှတ်ထားသည့် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ရန် စိစစ်ခကို မှတ်ပုံတင်လျှောက်လွှာနှင့်အတူ ပေးသွင်းရမည်။

၆။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ပေးရန် လျှောက်လွှာကို လက်ခံရရှိသောအခါ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်နှင့်ပြည်နယ်၊ တိုင်း တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအဆင့်ဆင့်က စိစစ်ပြီး ဗဟို တိုင်းရင်း ဆေးဝါး ကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြရမည်။

၇။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် မှတ်ပုံတင်လျှောက်ထားခြင်းကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ မှတ်ပုံတင်ငြင်းပယ်ခြင်းခံရလျှင် ပေးသွင်း ထားသော တိုင်းရင်း ဆေးဝါး မှတ်ပုံတင်ရန် စိစစ်ခကိုပြန်လည် ရထိုက်ခွင့်မရှိစေရ။

၈။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် မှတ်ပုံတင်လျှောက်ထားသည့် တိုင်းရင်း ဆေးဝါးကို မှတ်ပုံတင်ခွင့်ပြုကြောင်း ဆုံးဖြတ်လျှင် သတ်မှတ်ထားသော မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး မှတ်ပုံတင် လက်မှတ်ကို ထုတ်ပေးရမည်။

၉။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်များနှင့် စပ်လျဉ်း၍ ပြင်ဆင်ပြောင်းလဲခြင်း ပြုလုပ်ပါက မှတ်ပုံတင်ကို ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရမည်။

၁၀။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ဥပဒေနှင့်အညီ ပယ်ဖျက်ခြင်းမရှိလျှင် တိုင်းရင်း ဆေးဝါးမှတ်ပုံတင်သက်တမ်းသည် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ၃ နှစ် ဖြစ်စေရမည်။

၁၁။ မှတ်ပုံတင်သက်တမ်းကုန်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလိုသူသည် မှတ်ပုံတင် သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း (၉၀) ကြိုတင်၍ လျှောက်ထားရမည်။ ထိုသို့လျှောက်ထား ရာတွင် အပိုဒ် ၅ ပါ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက် ထားရမည်။

၁၂။ မှတ်ပုံတင်အသစ် ထုတ်ပေးရန် လျှောက်ထားခြင်းမရှိပါက မှတ်ပုံတင်သက်တမ်းကုန်ဆုံး သည့်နေ့မှစ၍ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးစာရင်းမှစ၍ အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရ မည်။

၁၃။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီသည် မှတ်ပုံတင်ထားသော တိုင်းရင်း ဆေးဝါးကို ဘေးအန္တရာယ်ရှိ၍ သုံးစွဲရန်မသင့်ဟု စစ်ဆေးတွေ့ရှိလျှင် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်နိုင်သည်။

၁၄။ မှတ်ပုံတင်ရရှိသူသည် အောက်ပါတို့ကို လိုက်နာရမည်–

(က) ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူး ရောင်းချခြင်း ပြုလုပ်သည့် တိုင်းရင်းဆေးဝါးအရည်အသွေး၊ အာနိသင်၊ ဘေးဥပဒ်ကင်းမှုတို့သည် မှတ်ပုံ တင်စဉ်က ဖော်ပြခဲ့သော တိုင်းရင်းဆေးဝါးနှင့် စပ်လျဉ်း၍ ဖော်ပြထားသည့် အသေးစိတ် သတ်မှတ်ချက် များနှင့် ကိုက်ညီမှုရှိကြောင်း အာမခံရမည်။

(ခ) မှတ်ပုံတင်စဉ်ကဖော်ပြခဲ့သော တိုင်းရင်းဆေးဝါးနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြင်ဆင် ပြောင်းလဲလိုပါက ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေး ကော်မတီ၏ အတည်ပြုချက်ရယူပြီးမှ ပြင်ဆင် ပြောင်းလဲရမည်။

(ဂ) မှတ်ပုံတင်စဉ်က သတိမပြုမိသေးသဖြင့် ဖော်ပြခဲ့ခြင်းမရှိသော တိုင်းရင်းဆေးဝါး၏ ဘေးဥပဒ်များကို သိရှိသတိပြုမိလျှင် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေး ကော်မတီသို့ ချက်ခြင်းအကြောင်းကြားရမည်။ ဗဟို တိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီက တောင်းဆိုလာလျှင် ယင်းတိုင်းရင်းဆေးဝါးနှင့် စပ်လျဉ်းသည့် အချက်အလက်အပြည့်အစုံကိုလည်း တင်ပြရမည်။

(ဃ) ထုတ်လုပ်အပတ်စဉ်တစ်ခု၏ တိုင်းရင်းဆေးဝါးမှ မှတ်ပုံတင်စဉ်က ဖော်ပြခဲ့သော အသေးစိတ် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း သိရှိသတိပြုမိလျှင် သို့မဟုတ် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ် ရေးကော်မတီက ထိုသို့ဖြစ်သည်ဟု အကြောင်းကြား လာလျှင် ထုတ်လုပ်အပတ်စဉ်တစ်ခုထုတ် တိုင်းရင်း ဆေးဝါးအား ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချ ခြင်းများကို ချက်ခြင်းရပ်ဆိုင်းရမည်။ဖြန့်ဖြူးရောင်းချထားသော တိုင်းရင်းဆေးဝါး ဈေးကွက်မှ ပြန်လည် ရုပ်သိမ်းရမည့်အပြင် ယင်းတိုင်းရင်းဆေးဝါးများနှင့် စပ်လျဉ်း၍ ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေး ကော်မတီက ညွှန်ကြားသည်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၁၅။ မှတ်ပုံတင်ရရှိသူသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ကို မိမိဆန္ဒအလျောက် ပယ်ဖျက်လိုလျှင် ဗဟိုတိုင်း ရင်းဆေးဝါးကြီးကြပ်ရေး ကော်မတီသို့ လျှောက်ထားရမည်။ ထိုသို့ လျှောက်ထား ရာတွင် ပယ်ဖျက်ပေး စေလိုသည့်အကြောင်းရင်းကို ဖော်ပြရမည်။

၁၆။ မှတ်ပုံတင်ရရှိသူသည်-

(က) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရလျှင် မှတ်ပုံတင် လက်မှတ်မူရင်းကို ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီ သို့ (၇) ရက်အတွင်း ပြန်လည်အပ်နှံ ရမည်။

(ခ) မှတ်ပုံတင်နံပါတ်ကို သက်ဆိုင်ရာ အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြရမည်။

(ဂ) တိုင်းရင်းဆေးဝါးကြော်ငြာရာတွင် မှတ်ပုံတင်လက်မှတ်ကို အသုံးမပြုရ။

(စောထွန်း)

ဝန်ကြီး

ကျန်းမာရေးဝန်ကြီးဌာန